**(၅) ပဲတီစိမ်းအဝါရောင်မိုစေ့ဗိုင်းရပ်စ်ရောဂါ (MYMV)**

**ရောဂါဖြစ်စေသောသက်ရှိ - *Mungbean yellow mosaic virus***

**ရောဂါလက္ခဏာ**

ပဲတီစိမ်းနှင့်မတ်ပဲတို့တွင်အဖြစ်များသည်။ အစိမ်းရောင်ပြယ်သော အကွက်လေး များသည် ရွက်ကြောတစ်လျှောက်ဖြစ်ပေါ် ပြီး အဝါရောင် ရောင်မညီ ကွက်ကြား (စိမ်းဝါရောင်ရှိသော မိုစေ့) များဖြစ်ပေါ်လာကာ တစ်ပင်လုံးဝါသွားသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ဒေသအလိုက်ခံနိုင်ရည်ရှိသောမျိုးကို အသုံးပြုပါ။
- ရောဂါဖြစ်စေသည့် ဗိုင်းရပ်သယ်ဆောင်ကောင် ယင်ဖြူကို အပင်ငယ်စဉ်မှစ၍ ကာကွယ် နှိမ်နင်းပါ။
- ယင်ဖြူနှင့်ဗိုင်းရပ်များ ရှင်သန်ခိုအောင်းနိုင်သော စိုက်ခင်းနားရှိ ပေါင်းပင် များအား ဖျက်ဆီးပစ်ပါ။
- ရောဂါဝင်ရောက်မှုသည် နှစ်စဉ်ဆက်တိုက်ကျရောက်ပါက ပဲမျိုးရင်းဝင် မဟုတ်သော သီးနှံများဖြင့်အစားထိုးစိုက်ပျိုးပါ။
- အပင်ငယ်စဉ်တွင် ယင်ဖြူကိုကာကွယ်နှိမ်နင်းရန် အောက်ပါပိုးသတ်ဆေး တစ်မျိုးမျိုးကို အသုံးပြု ပက်ဖျန်းပါ။

  အင်မီဒါကလိုပရစ် (Imidacloprid)

ဒိုင်မီသိုအိတ် (Dimethoate)

စပိုက်ရိုမီစီဖန် (Spiromesifen)